## Online မှ Buisness Visa နှင့် Tourist Visa လျှောက်ထားရယူခြင်းများအတွက် System တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ

၁။ မည်သည့်အကြောင်းကြောင့်ဖြင့် ဖြစ်စေ ဗီဇာလျှောက်ထားသည့်အခငွေအားပြန်အမ်းမည်မဟုတ်ပါ ။

၂။ ပုံမှန်ဗီဇာလျှောက်ထားမှုများအတွက် ရုံးပိတ်ရက်များမပါအလုပ်လုပ်ရက်(၃)ရက်ကြာမြင့်နိုင်ပါသည် ။

၃။ လျှောက်ထားမှုအမျိုးအစားအားလုံးအတွက်အချိန်သတ်မှတ်ရေတွက်မှုသည် ငွေပေးသွင်းမှုပြီးမြောက်၍ လျှောက်ထားမှုပြီးဆုံးပြီး Acknowledgement e-mail ရရှိချိန်မှစတင်ပါသည် ။

၄။ e-Visa လျှောက်ထားမှုတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားသည့်ဆေးထိုးပြီးစီးကြောင်း လက်မှတ်အား ပူးတွဲလျှောက်ထားရမည် ။

၅။ လွန်ခဲ့သည့် (၃) လအတွင်းက ရိုက်ကူးထားသောကာလာဓာတ်ပုံပူးတွဲတင်ပြရမည် ။

၆။ နိုင်ငံကူးလက်မှတ်၏သက်တမ်းသည် အနည်းဆုံး (၆) လ ကျန်ရှိရမည် ။

၇။ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများကိုသာ ခွင့်ပြုသွားမည်ဖြစ်ပြီး မည်သည့်ခရီးသွားအထောက်အထား ကိုမျှ e-Visa ခွင့်ပြုမည်မဟုတ်ဘဲ ခရီးသွားအထောက်အထားဖြင့် e-Visa ရယူထားပါက လဝကကောင်တာတွင် ပြည်ဝင်ခွင့်ငြင်းပယ်ခြင်းခံရမည် ။

၈။ မိဘ၏နိုင်ငံကူးလက်မှတ်တွင် အမည်ပါဝင်သော အသက် (၇) နှစ်အောက် ကလေးများအနေဖြင့် minor section တွင် အချက်အလက်များ ထည့်သွင်းဖော်ပြရန်ဖြစ်သည် ။

၉။ လျှောက်ထားသူအားလုံးသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာရမည်ဖြစ်ပြီး မည်သည့်ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှုကိုမျှ ခွင့်ပြုမည်မဟုတ်ပါ ။

၁၀။ အကြောင်းအမျိုးမျိုးကြောင့် လျှောက်ထားမှုအား ငြင်းပယ်ခြင်းခံရနိုင်သည် ။

၁၁။ e-Visa ခွင့်ပြုချက်၏ သက်တမ်းသည် ရက်ပေါင်း (၉၀) ဖြစ်သည် ။

၁၂။ e-Visa ခွင့်ပြုချက်သည် ပြည်ဝင်ခွင့် ပြုခြင်းမဟုတ်ကြောင်း သတိပြုပါရန် ။

၁၃။ ပြည်ဝင်ခွင့်အတွက် ငြင်းပယ်ခြင်းခံရပါက မူလလေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာရမည်ဖြစ်သည် ။

၁၄။ နေထိုင်ခွင့်သက်တမ်းအနေဖြင့် Business Visa အတွက် ရက်ပေါင်း (၇၀) နှင့် Tourist Visa အတွက် (၂၈) ရက် ရရှိမည်ဖြစ်သည် ။

၁၅။ e-Visa လျှောက်ထားရယူသူများအနေဖြင့် **တစ်ကြိမ်ပြည်ဝင်ခွင့်အတွက်သာ** ဖြစ်ပြီးပြည်ပြန်ဝင်ခွင့်ရယူလိုပါက ဗီဇာအသစ် လျှောက်ထားရယူရမည်ဖြစ်သည် ။

၁၆။ လတ်တလောအနေဖြင့် လျှောက်ထားသူများသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတဆင့်သာ ဝင်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည် ။ အခြားလေဆိပ်များမှ ဝင်ရောက်ခွင့်အတွက် ထပ်မံကြေညာပေးမည်ဖြစ်သည် ။

၁၇။ မြန်မာနိုင်ငံသို့မရောက်ရှိမီ ရောဂါပိုးမရှိကြောင်း (၇၂) နာရီအတွင်း RT-PCR နည်းဖြင့်စစ်ဆေးထားသည့်ဆေးစစ်အဖြေအား ရန်ကုန်လေဆိပ်ရှိ ကျန်းမာရေးကောင်တာတွင် ပြသအစစ်ဆေးခံရမည် ။

၁၈။ မြန်မာ့အာမခံလုပ်ငန်းမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ အကာအကွယ်ပါရှိသောကျန်းမာရေးအာမခံပေါ်လစီကို လေဆိပ်တွင်ပြသအစစ်ဆေးခံရမည် ။

၁၉။ e-Visa ဖြင့်နေထိုင်သည့်ကာလအတွင်း ဗီဇာလျှောက်ထားစဉ်ကဖော်ပြသည့်အလုပ်အကိုင်မှအပ အခြားမည်သည့် အခဖြင့်/အခမဲ့လုပ်ငန်းကိုမျှ ပြောင်းလဲလုပ်ကိုင်ခွင့်ရှိမည်မဟုတ်ပါ ။

၂၀။ ကန့်သတ်ဧရိယာများသို့ ခွင့်ပြုချက်မရရှိဘဲ သွားရောက်ခွင့်မရှိပါ ။ ကန့်သတ်ဧရိယာများစာရင်းအသေးစိတ်အား www.mip.gov.mm/RestrictedArea တွင် ဝင်ရောက်ကြည့်ရှုနိုင်သည် ။

၂၁။ မြန်မာနိုင်ငံ၏ ချမှတ်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုဖောက်ဖျက်ပါက ဥပဒေအရအရေးယူခြင်းခံရမည် ။

## Terms & Conditions of e-Visa System

1. There will be no refund for any Visa Processing Fees under any circumstances.
2. For regular Tourist and Business Visa, processing time is up to 3 working days (Myanmar time), excluding weekends and official Myanmar Public Holidays.
3. In all cases, processing time starts when the application acknowledgement e-mail is sent, after application is submitted AND online payment is successful.
4. Vaccine Certificate showing that the applicant has been fully vaccinated must be attached to the application.
5. You have to upload one COLOR PHOTO taking during last (3)months.
6. Your passport validity must have at least (6) months.
7. Only passports will be eligible for e-visa and travel documents will not be accepted.If you get e-visa with travel documents, you must be denied Entry to Myanmar at the immigration check points.
8. If the applicant has children under (7) years old on the same passport, you have to put the name of that child, date of birth in the minor section of the application form.
9. Applicant shall abide by the laws of the Republic of the Union of Myanmar and shall not interfere in the internal affairs of the Republic of the Union of Myanmar
10. In the unfortunate case that your application is rejected, no reason will be provided or can be requested.
11. The validity of eVisa approval letter is 90 days from the issued date. If it is expired, entry will be denied.
12. It is important to note that the Approval letter is not a confirmed Visa letter.
13. If the decision is not allowed to entry, you may return by the same flight.
14. Length of stay is (70) days for Business Visa and (28) days for Tourist Visa from the date of arrival in Myanmar.
15. e-Visa is a only valid for a single entry. Re-entry will require a new visa.
16. Currently passengers with e-Visa are only permitted to enter from Yangon International Airport.
17. Negative COVID-19 RT-PCR test result issued at most 72 hours before arrival to Myanmar must be presented at the airport health counters.
18. The Inbound Travel Accident Insurance Policy with COVID-19 coverage purchased from Myanma Insurance must be attached to the application.

19. Apart from the profession stated in your visa application, you are not allowed to engage in any other type of paid or unpaid work during your visit.

20. Applicant shall not be allowed to travel to restricted areas without seeking prior permission. There are Restricted Areas for Foreigners and Tourist travelling in the Country, for more information please visit to mip.gov.mm/RestricetdArea.

21. Legal action will be taken against those who violate or contravene any provision of the existing laws, rules and regulations of the Republic of the Union of Myanmar.